ဉာဏ်ဝင်းစာပေ

ဆုလေးနွယ်

# ကော်ဖီနှစ်ခွက်



ကော်ဖီနှစ်ခွက်

နှစ်နှစ်ခြိုက်ခြိုက်
အိပ်ပျော်သွားခိုက်မှာ
နူးညံ့လှတဲ့ အိပ်မက်တစ်ခု မက်တယ်
တရေးနိုးလာတော့
ပြန်အိပ်ပျော်ဖို့ ကြိုးစားမိတယ်
ခုနတုန်းက မက်ခဲ့တဲ့
အိပ်မက်ချိုချိုလေး ဆက်ပြီးမက်ချင်လို့ ပါ။

***

## အခန်း (၁)

မိုးတွေ သဲသဲမဲမဲ ရွာနေတာမို့ ... ထီးကို ကပျာကယာ ဆွဲပိတ်ပြီး ဆိုင်ကလေးထဲ ဝင်လိုက်ရပေမဲ့ စိတ်ထဲမှာ တော့ သည် ဆိုင်ကလေးထဲ ထိုင်ချင်စိတ် တစ်စက်မှ မရှိ။

ရင်ထဲမှာ တဆစ်ဆစ် နာနေသည် ။

"အစ်မ ... ကော်ဖီနှစ်ခွက် မဟုတ်လား"ဟု စားပွဲထိုးကလေးက ... မေးလည်း မေး လှည့်လည်း ပြေးကာ ကော်ဖီနှစ်ခွက် မှာ လိုက်တော့သည် ။

" မဟုတ်ဘူး ... ဟဲ့ နေဦးလေ"

ဟု ဟန့်တားချိန်ပင် မရလိုက်ပါ။

"နေပါစေတော့ ၊ နှစ်ခွက်ဆိုလည်း နှစ်ခွက်ပေါ့"

ခင်မြတ်နိုးက ဘာမှ မပြောတော့ဘဲ ပင့်သက်ရှိုက်လျက် စားပွဲလေးမှာ ဝင်ထိုင်သည် ။

ဟိုဟိုသည် သည် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်မနေတော့ဘဲ မျက်လွှာချကာ ငြိမ်သက်နေမိ၏။ သည် ဆိုင်ကလေးထဲ ရောက်လာတော့ ရင်ထဲမှာ ဆွေးတေးတေးနဲ့ ဇော့်ကို သတိရမိသည် ။

တကယ်ပဲ ... ခင်မြတ်နိုးတို့ ဝေးသွားကြပြီလား။ ကွဲသွားခဲ့ပြီလား၊ ဇာတ်လမ်းဆုံးပြီလား။

ဟုတ်ချင်လည်း ဟုတ်မှာ ပါ။

ပြောလည်းမယုံ့လမ်းမှ ... ရှာမတွေ့တော့တာ၊ ညှိလို့ မှ မရတော့တာ ...။

ဆိုင်က စားပွဲထိုးကလေးတွေက ခင်မြတ်နိုးတို့ စုံတွဲကို မှတ်မှတ်မိမိပါပဲ၊ မမေ့ကြသေးပါ။

ခင်မြတ်နိုးကတော့ ... ဇော်မပါဘဲ သည် ဆိုင်လေးကို မလာဖြစ်။ သည် ကော်ဖီဆိုင်လေးက ခင်မြတ်နိုးတို့ ကုမ္ပဏီနှင့် အနီးဆုံးမှာ ရှိနေတာ

မို့ … နေ့လယ်ပိုင်းတစ်ကြိမ်၊ ညနေပိုင်း တစ်ကြိမ်။ ဇော် အရင်ရောက်လျှင် ဇော် ကော်ဖီမှာ ပြီးစောင့်၊ ခင်မြတ်နိုး အရင်ရောက်လျှင် ခင်မြတ်နိုးက ကော်ဖီမှာ ပြီးစောင့်။ အမြဲလိုလို ထိုင်ဖြစ်ကြသော ဆိုင်ကလေးမို့ မစိမ်းတော့ပါ။ ကျွမ်းဝင်ရင်းနှီးနေပါပြီ။

စားပွဲပေါ် ချထားသော ပိုက်ဆံအိတ်ကလေးကို ဆွဲပြီး တစ်ရှူးကလေး တစ်ရွက်ထုတ်ကာ မျက်နှာပေါ် စင်နေသော မိုးရေမွှားလေးများကို ဖွဖွ တို့ သုတ်လိုက်ပြီး ဆံပင်တွေ ရေစိုနေသလားဟု တစ်ချက် စမ်းကြည့်၏။

"အစ်မ ရပြီ"

စားပွဲထိုးကလေးက ကော်ဖီနှစ်ခွက် လာချပေးသည် ။

"မလာတာ ကြာပြီနော် … အစ်မ"

ဟု တစ်ခွန်းဆို၏။

"အင်း"ဟု ပြီးစလွယ် ခေါင်းညိတ်သည် ။

အငွေ့ထွက်နေသော ကော်ဖီနှစ်ခွက်ကို ကြည့်ကာ တစ်ခွက်ကို ကိုယ်ရှေ့ ဆွဲယူမိသည် ။

စားပွဲထိုးကလေးက ခါတိုင်းခါတိုင်းလိုပဲ မှတ်ထင်ကာ ကော်ဖီနှစ်ခွက် လာချပေမဲ့ … ခင်မြတ်နိုးက ကော်ဖီ နှစ်ခွက်မသောက်နိုင်ပါ။

ဒုတိယအကြိမ် ခင်မြတ်နိုး ပင့်သက်ရှိုက်မိသည် ။

ဇော်နှင့် ပြဿနာဖြစ်ပြီး နောက်ပိုင်းမှာ အနီးဆုံးက ကော်ဖီဆိုင်ကလေးကို ခင်မြတ်နိုး ရှောင်နေခဲ့သည် ။

လုံးဝမသွား ဆိုင်ရှေ့ကပင် မဖြတ်။ ဇော့်ကို သတိမရချင်။

ဇော်အကြောင်းကို မတွေးချင်၊ စိတ်နာနေသည် ။ မေ့ထားချင်သည် ။

ခင်မြတ်နိုးက မှားလို့ လား၊ အပြစ်ရှိလို့ လား။

တကယ်ဆို ...

မတွေးပါဘူးဟု ဆုံးဖြတ်ထားတာတောင် စိတ်က တွေးချင်သေးသည် ။ မျက်ရည်လည်းချင်သေးသည် ။ နှုတ်ခမ်းကိုက်ကာ စိတ်တင်းမိသည် ။

ဘယ်တော့မှ မလွမ်းဘူး ဇော် ...

အမှန်တရားကို လက်မခံနိုင်တဲ့ ဇော့်အတွက် မြတ်နိုး မျက်ရည်မကျဘူး။

ဝေးသွားကြဖို့ သေချာပြီဆိုလည်း အပြုံးကလေးနှင့် ဆက်လျှောက်လှမ်းမယ်။

အရှုံးမပေးဘူး ...

မြတ်နိုး မမှားခဲ့ဘူးလေ ...

***

## အခန်း (၂)

ဝိုင်းဇေက ငြိမ်သက်စွာ ထိုင်ရင်း မျက်စိရှေ့က မြင်ကွင်းကို ဘာရယ် မဟုတ် အမှတ်တမဲ့ ကြည့်နေမိတာပါ။

မိုးပြာရောင် ထီးလှလှလေးနှင့် ဆိုင်ထဲဝင် လာပြီး သူ့ရှေ့က စားပွဲမှာ ဝင်ထိုင်သော ကောင်မလေးသည် ဖြူဖြူသန့်သန့်ကလေးနှင့် ထူးခြားနေပါသည် ။

ပိုပြီး ထူးခြားတာက ... စားပွဲထိုးကလေး၏ စကားက ကော်ဖီနှစ် ခွက်လားတဲ့ ။

ဆိုင်ထဲဝင်လာတာက တစ်ယောက်တည်းပါ။

ကော်ဖီနှစ်ခွက် တစ်ခါတည်း မှာ သောက်တာလည်း နည်းနည်း ဆန်းသလိုပင်။

ကော်ဖီဆိုင်က ... ကော်ဖီပန်းကန်လုံးကလေးတွေက သေးသည် ဆိုပေမဲ့ ဘယ်ကောင်မလေးမှ နှစ်ခွက်တစ်ပြိုင်တည်း မှာ မသောက်။

ဝိုင်းဇေက ... မျက်လုံးထဲဝင်လာလို့ သာ အမှတ်တမဲ့ ကြည့်လိုက်မိတာ၊ ကြည့်မိတော့လည်း ချစ်စရာကောင်းသော ပုံစံလေးကို မျက်နှာမလွှဲနိုင်။

ဆံပင်လေးတွေကို သပ်လိုက်သော ... လက်ချောင်းပြည့်ပြည့်ဖူးဖူး

ကလေးများက အင်မတန် နူးညံ့လွန်းလှသည် ။

ကော်ဖီတစ်ခွက်ကို ဆွဲယူပြီး သောက်ပေမဲ့ နောက်တစ်ခွက်ကို ထိပင်မထိ။

ဝိုင်းဇေက ... မိုးသည်းလွန်းတာမို့ မိုးဝင်ခိုတာ။ မိုးတိတ်အောင်စောင့်ရင်း ... အချမ်းပြေ ကော်ဖီပူပူတစ်ခွက် မှာ သောက်မိပါသည် ။

ဆိုင်အပြင်မှာ မိုးက သည်းသည်းထန်ထန် ရွာနေတုန်းပါပဲ၊ သူရှေ့စားပွဲက ... ကောင်မလေးလည်း မိုးတိတ်တာ စောင့်နေပုံပင်။

ကြိုးသိုင်းဖိနပ်အပါးကလေးက .. နက်ပြောင်ပြီး ခြေထောက်ဝင်းဝင်းကလေးနှင့် လိုက်ဖက်လွန်း၏။

ဘေးမှာ ချထားသော ကော်ဖီ တစ်ခွက်က တဖြည်းဖြည်းနှင့် အငွေ့သေလာသည် ။

ထိုကောင်မလေး ဧည့်သည် စောင့်နေတာများ လား၊ ကော်ဖီတစ်ခွက် မှာ ထားတာက ဧည့်သည် အတွက်လည်း ဖြစ်နိုင်သည် ။

ဝိုင်းဇေသာဆို ... အဲဒီလို ကြိုမှာ ထားမှာ မဟုတ် ၊ ကော်ဖီက အေးသွားလျှင် သောက်လို့ မကောင်း၊ သို့ပေမဲ့ ကောင်မလေးပုံက ဧည့်သည်မျှော်နေပုံလည်း မရ၊ ဘယ်ကိုမှ မကြည့်ဘဲ မျက်လွှာချ ငြိမ်သက်လို့ အေးအေးဆေးဆေး ပုံစံလေးနှင့်။

သူ ပထမထင်တာက ... တစ်ယောက်တည်းအတွက် ကော်ဖီနှစ်ခွက် မှာ သည် ။

ဒုတိယထင်တာက ... ဧည့်သည် တစ်ယောက်ယောက် ချိန်းထားသည် ။

သူ့အထင် နှစ်ခုစလုံး မမှန်။

မိုးနည်းနည်းစဲသွားတော့ ချက်ချင်းပဲ ပိုက်ဆံရှင်းတော့သည် ။ ဧည့်သည် စောင့်နေတာ လုံးမဝမဟုတ်။

ဝိုင်းဇေလိုပဲ မိုးဝင်ခိုရုံသက်သက်။

နားမလည်နိုင်တာက ကော်ဖီနှစ်ခွက်။

ဘယ်လိုအဓိပ္ပာယ်နှင့် ကော်ဖီနှစ်ခွက်မှာ ပြီး တစ်ခွက်တည်း သောက်ပြန်ပါလိမ့်။

ဆိုင်ရှေ့ရောက်တော့ မိုးပြာရောင် ထီးကလေးဖွင့်ကာ ညင်သာသော ခြေလှမ်းများ ဖြင့် လျှောက်သွားသော ကောင်မလေးကို သူ ငေးကြည့်နေမိသည် ။

စားပွဲပေါ် ကျန်ရစ်သော ကော်ဖီတစ်ခွက်က မျက်နှာငယ်လို့ နေပါသည် ။ ပိုင်ရှင်မဲ့စွာ ...

ဝိုင်းဇေက ဆိုင်ထဲက ထွက်လာရင်း ... ကော်ဖီနှစ်ခွက်အကြောင်း ကို စဉ်းစားနေမိ၏။

တိကျသော အဖြေတစ်ခု ထွက်မလာ

သူ့အထင် နှစ်ခုစလုံး လွဲမှားသွားခဲ့ပါသည် ။

***